# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၂၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁–၁၁–၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **တရုတ်–မြန်မာနယ်စပ်၊ တိန်ရန်တု ကူးတို့ဆိပ်နေရာတွင် စစ်ဆေးရေးစခန်း ဖွင့်လှစ်ရန်နှင့် သံလွင်မြစ်ကူးတံတား တည်ဆောက်ရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် အစိုးရဌာနဆိုင်ရာတို့၏ အမှန်တကယ် သုံးစွဲကုန်ကျမှုမှာ ချထားပေးသည့် ခေါင်းစဉ်များဖြင့် လွဲချော်နေသဖြင့် လိမ်လည်၍ စာရင်းတင်ပြနေခြင်းကို ရှောင်ရှားရန်အတွက် ဒေသဆိုင်ရာအလိုက် အောက်ခြေနှင့်တိုင်ပင်ပြီး စည်းကမ်းသတ်မှတ်ချက်များကို ပြန်လည် ရေးဆွဲပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **“ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ”** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက တင်သွင်းသည့် **“ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။